# PC ကို တစ်ညလုံး ဖွင့်ထားပါသလား

တချို့လူတွေက PC ကိုဖွင့်လိုက်၊ ပိတ်လိုက်လုပ်ရင် ပျက်စီးတာမြန် တယ်လို့ ထင်ကြပါတယ်။ ဒါကြောင့်လည်း သူတို့ computer တွေကို မပိတ်ပဲ ၂၄ နာရီ တစ်ပတ်ဆက်တိုက်ဖွင့်ထားတတ်ကြပါတယ်။ တချို့ကကလည်း ဒါဟာမှားယွင်းပြီး စွမ်းအင်ဖြုန်းတီးရာရောက်တယ်လို့ မြင်ကြပါတယ်။



Fast User Switch ကိုသုံးရင် ချက်ချင်းဆိုသလိုပဲ account ကို အပြောင်းအလဲလုပ်နိုင်ပါတယ်

Iolo labs က ဒီကိစ္စကိုလေ့လာမှုပြုခဲ့ပါတယ်။ လေ့လာမှုတွေအရ sleep mode က အကောင်းဆုံးဆိုတာတွေ့ရှိခဲ့ပါတယ်၊ အသုံးမပြုတော့တဲ့အချိန်မှာ ဒီအတိုင်းထားခဲ့တာ ထက် sleep mode မှာထားခဲ့တာ အကောင်း ဆုံးဖြစ်တယ်လို့ အကြံပြုပါတယ်၊ ဒီလိုလုပ် ခြင်းဖြင့် တစ်လကို မီတာခ ၂ ဒေါ်လာလောက်သက်သာစေပါတယ်။ Sleep mode မှာထားတဲ့အတွက် လုံးဝပိတ်လိုက်တာ၊ အစကပြန်ဖွင့်တာ မဟုတ်တဲ့အတွက် အချိန်အားဖြင့်တစ်လကို ၂၅ မိနစ်သက်သာစေပါတယ်။

Iolo labs က sleep mode အပြင် hibernate ကိုလည်းလေ့လာခဲ့ရာ အတူတူပဲဆိုတာ တွေ့ခဲ့ရပါတယ်။ ကုမ္ပဏီက အထက်ပါလေ့လာမှုနဲ့ပတ်သက်ပြီး အသေးစိတ်အချက်အလက်တစ်စုံတစ်ရာ ဖော်ထုတ်ပြသွားခြင်းမရှိပါဘူး၊ Standby မှာထားမယ်ဆိုရင် power သုံးစွဲမှု နည်းနည်းတော့ရှိနေဦးမှာဖြစ်ပြီး hibernate ဆိုရင်တော့ power သုံးစွဲမှု လုံးဝမရှိတော့ပါဘူး။ ဘယ်အခြေအနေမှာမဆို အနည်းဆုံးတော့ sleep mode ထားရင် တစ်နှစ်ကို ၂၄ ဒေါ်လာ သက်သာစေမှာဖြစ်ပါတယ်။ Boot လုပ်ရာမှာ အချိန်အနည်းငယ်ယူတယ်ဆိုပေမယ့် လည်း အဘက်ဘက် ကလေ့လာကြည့်ရင် အကောင်းဆုံးအနေအထားရှိတဲ့အတွက် sleep mode တော့ အနည်းဆုံး သုံးသင့်ပါတယ်။

## Click တစ်ချက်တည်းနဲ့ Windows user ပြောင်းနည်း

PC တစ်လုံးတည်းကို မိသားစုတစ်စုလုံး ဝိုင်းသုံးနေကြပါသလား။ ဒါဆိုရင်တော့ account တွေအများကြီးခွဲထားဖို့ လိုအပ်ပါလိမ့်မယ်။ ဆိုလိုတာက Windows ထဲမှာကိုယ့်စိတ်ကြိုက် setting တွေချတာ၊ privacy ရှိအောင်ဖန်တီးတာတွေပြုလုပ်နိုင်မှာ ဖြစ်ပါတယ်၊ Multiple user အတွက် account တွေကို PC ပေါ်မှာဘယ်လိုခွဲမလဲဆိုတာ *find.pcworld.com/72913* မှာ ဖတ်ရှုလေ့လာနိုင်ပါတယ်။

ဒီလိုနဲ့ account တွေအများကြီးရပြီး တစ်ခုနဲ့တစ်ခုပြောင်းသုံးဖို့ လိုလာတယ်ဆိုရင် အမြန်ဆုံးပြောင်းတဲ့နည်းကတော့ Windows7 အတွက် start ကိုနှိပ်ပါ။ Shut down ဘေးနားက arrow ကိုဖွင့်လိုက်ပြီး switch user ကိုရွေးလိုက်ပါ။

ဒီအတွက်ကိုတော့ မြန်မြန်ဆန်ဆန်လုပ်နိုင်ဖို့က keyboard shortcut မရှိပါဘူး။ Fast user switch ဆိုတဲ့ freeware utility တစ်ခုကိုတော့ *find.pcworld.com/72914* ကတဆင့် ရယူနိုင်ပါတယ်။ Install လုပ်ဖို့မလိုပဲ portable အသုံးပြုနိုင်ပါတယ်။ ပထမဆုံးအကြိမ်အသုံးပြုတဲ့အခါမှာတော့ သုံးစွဲခွင့်ပြုဖို့ Windows ကနေလုံခြုံရေးဆိုင်ရာ အကြောင်းများကြောင့် မေးမြန်းမှာဖြစ်ပါတယ်။ Ask me about this every time ဆိုတဲ့ check box ကိုရှင်းလိုက်ပါ၊ Ok ကိုနှိပ်လိုက်ပါ။ နောက်တစ်ကြိမ် ဒီ program ကိုဖွင့်ရင် အဲ့ဒီ box ကိုထပ်မြင်ရတော့မှာ မဟုတ်ပါဘူး။

Fast user switch ကိုအသုံးပြုခြင်းအားဖြင့် user account တစ်ခုကနေ တစ်ခုကို အချိန်တိုအတွင်းချက်ချင်းပြောင်းနိုင်မှာ ဖြစ်ပါတယ်။ Windows taskbar မှာ pin လုပ်ထားပြီး အသုံးပြုရင်ပိုကောင်းပါတယ်၊ Single click နှိပ်ပြီး ကိုယ်ပြောင်းလိုတဲ့ account ကိုရွေးရမှာဖြစ်ပါတယ်။ ■

# File extension များကို ဝှက်ထားခြင်း၊ ဖော်ပြခြင်း

Audiobook တချို့ကို mp3 format နဲ့ download လုပ်ပြီး iPhone မှာ iTunes နဲ့နားထောင်တဲ့အခါ bookmark လုပ်လို့မရတာကို တွေ့ရပါတယ်။ ဒါကြောင့် iTunes မှာ mp3 file ကို right click နှိပ်ပြီး Create AAC Version ကို ရွေးချယ်ပါ၊ .m4a extension နဲ့ audio file အဖြစ်ပြောင်းသွားပါလိမ့်မယ်။ အဲ့ဒီကမှတဆင့် iTunes က audiobook အဖြစ် အသိအမှတ်တဲ့ m4b ကို ပြောင်းလဲနိုင်ပါတယ်။ Windows Explorer မှာ default အနေနဲ့ file extension တွေကို ပြ ထားလေ့မရှိပါဘူး။ ဒါကြောင့် file extension တွေကို တွေ့နိုင်ဖို့ Windows 7 မှာ start ကိုနှိပ်ပါ။ Extension လို့ ရိုက်ပြီး show or hide file extension ကို click နှိပ်ပါ၊

Folder options box ပေါ်လာတဲ့အခါ hide extensions for known file types ဘေးက check box ကို ရှင်းပါ၊ OK နှိပ်ပါ။ Extension ပြောင်းဖို့အတွက်ပြောင်းလိုတဲ့ file ကို right-click နှိပ်ပါ၊ Rename ကို ရွေးပါ။ ပြန်ပြီး hide လုပ်လိုပါက အထက်ပါအဆင့်များအတိုင်း ပြန်လုပ်နိုင်ပါတယ်။ ■



Show or hide file extensions ကို click နှိပ်ပြီး folder options box ကိုဖွင့်ပါ။